**(၁) ပဲမျိုးစုံမှဲ့ပြောက်စွန်းရောဂါ (Anthracnose/Leaf spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum gloeosporioides* (Penz)**

- ***Colletotrichum lindemuthianum* (Sacc. & Magnus) Briosi & Cavara**
- ***Colletotrichum dematium* (Pers.) Grove**

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင်နီညိုရောင် အနာကွက်သည် အလယ်ချိုင့်ပြီး အဝါရောင် အနားရစ်ပါရှိသည်။ ပင်စည်/အကိုင်းပေါ်တွင် အနာကွက်များမှာ ရှည်၍ အနက်ရောင်ရှိသည်။ အသီးအနာကွက်များမှာ နု စဉ်တွင် သံချေးရောင်ရှိပြီး ရင့်လာသောအခါတွင် နှုတ်ခမ်းသား မို့မောက်၍ နီညိုရောင်အရစ်ဖြင့် ဝန်းရံထားသော ချိုင့်ခွက်နာများ ဖြစ်လာသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကင်းသောဒေသမှ မျိုးစေ့ကို အသုံးပြုပါ။
- မျိုးစေ့ကို မျိုးစေ့လူးနယ်မှုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ် ပြီးစိုက်ပျိုးပါ။
- ပဲမျိုးနွယ်ဝင်မဟုတ်သော အပင်များဖြင့် (၂-၃)နှစ်အထိသီးနှံ အလှည့်ကျ စိုက်ပါ။
- အပူချိန် (၆၀)ဒီဂရီစင်တီဂရိတ်ရှိသော ရေနွေးထဲ၌ မျိုးစေ့များကို (၅)မိနစ်ကြာ စိမ်ပြီးမှ စိုက်ပါ။
- အပင်တွင် ရောဂါလက္ခဏာစတွေ့ပါက Mancozeb (မန်ကိုဇက်), Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Metiram (မီတီရမ်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊

Azoxystrobin (အဇိုဆီစထရိုဘင်) စသော မှိုသတ်ဆေးတစ်မျိုး မျိုးဖြင့် ပက်ဖျန်း ကာကွယ်နှိမ်နင်းနိုင်သည်။